# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၁၂) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်
## (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်** ၊ ၁၀း၀၀။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၂၂ ဦး တက်ရောက်ပါတယ်။ အစည်း အဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၇၅.၅၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၈-၇-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့ အမည်စာရင်းကို လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးအောင်ဆန်းမှ စုစည်းတင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်တဲ့ ဦးရေ ၃၂၂ ဦးဖြစ်တဲ့အတွက်ကြောင့် ခွင့်ပန်ကြားသူ စုစုပေါင်း ၁၀၄ ဦးဖြစ်ပါတယ်။ ခွင့်ပန်ကြားသူ ၁၀၄ ဦးအနက် ယမန်နေ့က ခွင့်တိုင်ကြား၍ ခွင့်ပြုထားသူ ၆၅ ဦးဖြစ်ပြီးတော့ ယနေ့ခွင့်ပန်ကြားသူ ၃၉ ဦးဖြစ်ပါတယ်။ ခွင့်ပန်ကြားသူ ၃၉ ဦး အမည်ကို ဖတ်ကြားတင်ပြပါမယ်-

(၁) အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ခွင့် ၁ ရက်၊

(၂) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၁ ရက်၊

(၃) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၄) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဦးတင်ဌေးအောင် ခွင့် ၁ ရက်၊

(၅) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၆) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၇) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၈) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၉) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၁၀) အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့် ခွင့် ၁ ရက်၊

(၁၁) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၁၂) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၁၃) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၁ ရက်၊

(၁၄) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၁၅) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၁၆) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၁၇) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၁၈) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန် ခွင့် ၁ ရက်၊

(၁၉) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁ ရက်၊

(၂၀) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၂၁) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၂၂) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၂၃) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၂၄) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၂၅) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်၊

(၂၆) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၂၇) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၂၈) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၂၉) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၃၀) နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ခွင့် ၁ ရက်၊

(၃၁) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းကျော်နီ ခွင့် ၁ ရက်၊

(၃၂) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၃၃) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

(၃၄) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၁ ရက်၊

(၃၅) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင် ခွင့် ၁ ရက်၊

(၃၆) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊

(၃၇) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၁ ရက်၊

(၃၈) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်နှင့်

(၃၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၁ ရက်ဖြစ်ပါတယ်။ အားလုံးခွင့်တိုင်ကြားသူ ၃၉ ဦး အမည်ကိုခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၁၀၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်းဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ဦးစွာ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်မေးမြန်းမှာဖြစ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်းဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အစိုးရသစ်လက်ထက်တွင် ဆည်မြောင်း၊ ကန်ချောင်းများ ထင်သာမြင်သာ ဖွံ့ဖြိုးတိုးတက် လာအောင် ဆောင်ရွက်ပေးရန် အစီအမံများ ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ကိုယ်စားလှယ်ဦးစိုးပိုင် ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းလိုတာကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ မေးခွန်းတစ်ခုဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံပြီးတော့ နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့နိုင်ငံဖြစ်ပါတယ်။ ဆောင်ရွက်နေတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ မူဝါဒသဘောအရလည်း ကောင်းမွန်ပြီးတော့ ဒေသတွင်းအခြေအနေနဲ့ ကိုက်ညီမှုရှိကြောင်းကိုလည်း တင်ပြလိုပါတယ်။ သို့သော်လက်တွေ့သဘောမှာတော့ မြို့နယ်တွေရဲ့ စိုက်ပျိုးရေးရုံးတွေမှာ ဝန်ထမ်း ၃၊ ၄ ဦးလောက်နဲ့ပဲ ရပ်တည်နေရပါသေးတယ်။ နိုင်ငံတော်တစ်ဝန်း လုံးမှာလည်းပဲ နိုင်ငံတော်ကလုပ်ပေးတဲ့ ဆည်ကြီးတွေ၊ တမံကြီးတွေကရတဲ့ ဆည်ရေသောက်စိုက်ပျိုး ဧရိယာနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထ ကျေးလက်နေတောင်သူများရဲ့ စုပေါင်းအင်အားနဲ့တည်ဆောက်ကြရတဲ့ ဆည်ကလေးတွေ၊ မြောင်းကလေးတွေ၊ တမံလေးတွေ၊ ကန်လေးတွေမှာ ရေစုပြီး စိုက်ပျိုးကြရတဲ့ စိုက်ပျိုးဧရိယာက ပိုမိုများပြားနေပါတယ်။ မြို့နယ်အုပ်ချုပ်

ရေးမှ တာဝန်ရှိတဲ့လူတွေနဲ့ စိုက်ပျိုးရေးမှဝန်ထမ်းများရဲ့တင်ပြမှုနဲ့ ဆည်မြောင်း၊ ကန်ချောင်းများအတွက် ထောက်ပံ့ပေးမှုအချို့တော့ ရှိပါတယ်။ သို့သော် အလွန်နည်းပါးပါသေးတယ်။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ဝန်းသိုမြို့နယ်မှာဆိုရင် အင်္ဂလိပ်တို့လက်အောက်မရောက်မီက ဝန်းသိုစော်ဘွားကြီးတည်ဆောက်ပေးခဲ့တဲ့ စော်ဘွားဆည်၊ စော်ဘွားမြောင်းနဲ့ စော်ဘွားဦးရွှေသားရဲ့ စော်ဘွားကန်တို့ကိုအားကိုးနေရဆဲ ဖြစ်ပါတယ်။ စော်ဘွားဆည်၊ စော်ဘွားမြောင်းနဲ့ စော်ဘွားကန်တို့ကိုလည်းပဲ လူအင်အားနဲ့သာထိန်းသိမ်းနေရပြီးတော့ စက်ယန္တရားများသုံးပြီး ထိန်းသိမ်းနိုင်မှုမရှိသေးပါဘူး။ ကျွန်တော်တို့ဒေသဟာ သိန်း ၁၀၀ လောက်အထောက်အပံ့ရရင် သိန်း ၃၀၀ လောက် စုပေါင်းအင်အားနဲ့လုပ်နိုင်တဲ့ ဒေသမျိုးဖြစ်ပါတယ်ခင်ဗျား။ လမ်းတံတားအတွက်ဆိုရင် စက်ယန္တရားသာအကူအညီပေးပါ။ စက်သုံးဆီအတွက်၊ ကျွေးမွေးဧည့်ခံဖို့အတွက် ကျုပ်တို့တာဝန်ယူပါတယ်ဆိုတဲ့ကျေးရွာကိုဦးဆောင်နေကြတဲ့ ဆရာတော်အများ အပြားလည်းရှိပါတယ်။ ဒါကြောင့် ဒီနေ့အစိုးရအဖွဲ့အနေနဲ့ ဆည်မြောင်း၊ ကန်ချောင်းအတွက်ပဲဖြစ်ဖြစ်၊ ကျေးရွာချင်းဆက်လမ်း၊ တံတားအတွက်ပဲဖြစ်ဖြစ်၊ ကျေးရွာမီးလင်းရေးအတွက်ပဲဖြစ်ဖြစ် အထောက်အကူအချို့ကို မြန်မြန်ဆန်ဆန်ထောက်ပံ့ပေးဖို့ လေးစားစွာနဲ့ တင်ပြလိုပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုကျွန်တော့်အနေနဲ့ အဓိကမေးမြန်းလိုတာကတော့ အစိုးရသစ်လက်ထက်မှာ စက်ယန္တရားများ၊ ငွေအင်အားများကို အသုံးပြုပြီးမှပဲဖြစ်ဖြစ် လုပ်ငန်းရှင်များကို တင်ဒါခေါ်ယူပြီးမှပဲဖြစ်ဖြစ် ကျွန်တော်တို့ အခြေခံလေးတွေမှာရှိတဲ့ ဆည်မြောင်း၊ ကန်၊ ချောင်းများ ထင်သာမြင်သာဖွံ့ဖြိုးတိုးတက်လာအောင် ပေးရန်အစီအမံများရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာနှင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီး များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်မေး မြန်းထားတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်အတွင်း ဆောင်ရွက်ပြီး ဆည်မြောင်းလုပ်ငန်းများ၊ ဆောင်ရွက်ဆဲဆည်မြောင်းလုပ်ငန်းများ မရှိသော်လည်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်းသိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့၏ လမ်းညွှန်ချက်တို့အရ ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိသည့်လုပ်ငန်း ၄ ခုရှိပါတယ်။ ၎င်းတို့မှာ သဲဖြူပင်ဆည်တည်ဆောက်ခြင်း၊ သဲချောင်းဆည်ပြန်လည်ပြုပြင်ခြင်း၊ မက်လင်လျှို့ပိတ်တမံပြုပြင်ခြင်း၊ နမော်သစ်ရိုက်ကျောက်ဖြည့်ရေလွှဲဆည်နှင့် တူးမြောင်းများ ပြန်လည်ပြုပြင်ခြင်းတို့ဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းများအနက် သဲချောင်းဆည်၊ မက်လင်လျှိုပိတ်တမံ၊ နမော်သစ်ရိုင်ကျောက်ဖြည့် ရေလွှဲဆည် တူးမြောင်းတို့မှာ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်တည်ဆောက်ပေးခဲ့သည့် ဆည်၊ ကန်၊ တူးမြောင်း များဖြစ်ပြီး အရပ်အခေါ် စော်ဘွားဆည်၊ စော်ဘွားကန်နှင့် စော်ဘွားမြောင်းများဟု ခေါ်ဆိုခြင်းဖြစ်ပါတယ်။ ဝန်းသိုမြို့နယ်အတွင်း ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်ပြီးတော့ ဆောင်ရွက်ထားရှိမှုအခြေအနေကို ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ သဲဖြူပင်ဆည် တည်ဆောက်ခြင်းလုပ်ငန်းအတွက် အကြိုစူးစမ်းလေ့လာမှု၊ မြေပြင်တိုင်းတာစူးစမ်းလေ့လာမှု ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်။ အဆိုပါ ဆည်တည်ဆောက်ပြီးစီးပါက စိုက်ပျိုးမြေဧရိယာ ၄၀၀ ဧက အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ သဲချောင်းဆည်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် အတွက် မြေပြင်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍ ဒီဇိုင်းရေးဆွဲလျက်ရှိပါတယ်။ ပြန်လည် ပြုပြင်ပြီးစီးပါက လယ်ယာမြေဧက ၅၀၀ ကျော်ခန့်ကို အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ မက်လင်လျှိုပိတ် တမံပြုပြင်ခြင်းလုပ်ငန်းတွင် အလျား ၇၅၀ ပေရှိ တာမံကို ပုံစံကျပြန်လည်ပြုပြင်နိုင်ရန် လိုအပ်ပါ တယ်။ ပြန်လည်ပြုပြင်ပြီးစီးပါက လယ်မြေဧရိယာ ၄၀၀ ဧကကို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ နမော် သစ်ရိုက်ကျောက်ဖြည့်ရေလွှဲဆည်နှင့်တူးမြောင်းများပြန်လည်ပြုပြင်ခြင်းနှင့်ပတ်သက်၍ အကြိုစူးစမ်း လေ့လာမှု၊ မြေပြင်စူးစမ်းလေ့လာမှုများ ဆောင်ရွက်ရန်စီစဉ်လျက်ရှိပါတယ်။ ပြန်လည်ပြုပြင်ပြီးစီးပါက လယ်မြေဧက ၄၀၀၀ ကျော်ကို ဆည်ရေပေးနိုင်မှာဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြ သည့်လုပ်ငန်းများဆောင်ရွက်ပေးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရသို့ ရန်ပုံငွေတင်ပြတောင်းခံပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် လုပ်ငန်း များ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် နည်းပညာပိုင်းနှင့်လိုအပ်သော အကူအညီများ စီစဉ်ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါ ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်အတွင်းရှိ ဆည်မြောင်းတာတမံ၊ အစိုးရတာ၊ လယ်သမားတာများကို ဆည်ဖို့ရာတွင် ရေငန်တားတာတမံ(ကာရီ)များ ဖြစ်နိုင်ရန် အစိုးရဌာနပိုင်၊ စက်ယန္တရား အရေအတွက်ကို တိုးချဲ့ချထားပေးနိုင်ခြင်း ရှိ/ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောအကျိုးနှင့်ပြည့်စုံနိုင်ကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ရဲ့ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းဟာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီးတော့ လယ်မြေဧရိယာ ၁၁ သိန်း ကျော်ရှိပါတယ်။ ရခိုင်ပြည်နယ်ဟာ ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်လျက်ရှိနေတာဖြစ်လို့ လယ်ဧရိယာ တစ်ဝက်ကျော်ဟာ ရေနစ်ပြီးတော့ ဒေသအခေါ် ကာရီလို့ခေါ်တဲ့ ရေငန်တား တာတမံတွေကို ဝိုင်းပတ်ဆည်ဖို့ပြီးတော့ စပါးစိုက်ကြရပါတယ်။ အကယ်လို့ ဒီလိုရေငန်တား တာတမံတွေမရှိဘူးဆိုလို့ရှိရင် လယ်ကွင်းတွေသာမက တချို့ရွာတွေကလည်း ရေထရက်တွေမှာ ရေအောက်ကို ရောက်ရှိသွားမှာဖြစ်ပါတယ်။ ရေငန်တားတာတမံတွေကို တည်ဆောက်ရာမှာ မြေအနိမ့်အမြင့်ကို လိုက်ပြီးတော့ ၃ ပေ ကနေ ၈ ပေအထိ မြင့်တဲ့ တာပေါင်ရိုးတွေကို ဆည်ဖို့ရပါတယ်။ ရေငန်တားတာပေါင်ရိုးဟာ မြင့်လာတာနှင့်အမျှ ရေရဲ့တွန်းအား၊ ဖိအားတွေကြောင့် ကျိုးပေါက်မသွားနိုင်အောင် တမံရဲ့ထုကို ကြီးမားထုထဲကျစ်လျစ်ခိုင်မာအောင် တည်ဆောက်ရန် လိုအပ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ သဘာဝဘေးအန္တရာယ်၊ ထူးကဲဒီရေမြင့်တက်မှုတွေကို နှစ်စဉ်လိုလိုကြုံတွေ့နေရတာကြောင့် လယ်သမားတာကာရီများဟာ မကြာခဏကျိုးပေါက်တတ်ကြပြီး စပါးများဟာလည်းပျက်စီးကြရပါတယ်။ လယ်သမားများရဲ့ ဘဝလည်း တစ်နှစ်ထက်တစ်နှစ် ဆင်းရဲတွင်းနက်လာပြီးတော့ လုံးပါးပါးခဲ့ရသလို ကာရီများဟာလည်းပဲ တဖြည်းဖြည်းကျုံ့လီ လာပြီးတော့ အဖြစ်သဘောလောက်သာ ရှိနေပါတယ်။ တချို့လယ်ကွင်းများဟာ ပြန်လည် ဆည်ဖို့မွမ်းမံရန် မတတ်နိုင်တော့တဲ့အတွက် ပစ်ထားခဲ့ရတဲ့ ကွင်းပေါင်းများစွာ လည်းရှိနေပါတယ်။ ၂၀၁၀ ဂီရိမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော လယ်ကွင်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်စီမံကိန်းများရေးဆွဲပြီး လယ်သမားတာ၊ အစိုးရတာ ဆည်ဖို့ပေးသည့်အပြင် INGO, NGO များကလည်း တစ်ဖက်တစ်လမ်းက ကူညီခဲ့ကြတာကြောင့်

ဒေသခံပြည်သူများ၊ နိုင်ငံတော်အစိုးရကို များစွာ ကျေးဇူးတင်လျက်ရှိနေကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ရဲ့ လယ်ယာစိုက်ပျိုးရေးမှာ ဆည်ရေသောက်စနစ်၊ မြစ်ရေတင်စီမံကိန်းစနစ်တွေမရှိတာကြောင့် ရေငန်တားတာတမံ တည်ဆောက်စိုက်ပျိုးတဲ့စနစ်ကိုပဲ အဓိကအားကိုးအားထားပြုပြီး မိုးရာသီ တစ်သီးကိုသာ စိုက်ပျိုးနိုင်ကြခြင်းဖြစ်ပါတယ်။ သို့ရာတွင် ဒေသခံပြည်သူများမှာ လွန်စွာဆင်းရဲပင်ပန်းကြရာ မိမိတို့ရဲ့ လုပ်အား လက်ဆည်ကန်လေးတွေနဲ့ မနိုင်တနိုင်၊ မခိုင်တခိုင်ဆည်ဖို့ကြရသဖြင့် ထူးကဲဒီရေတွေဖြစ်ပေါ်လာတိုင်း ကျိုးပေါက်ပြီး စပါး ခင်းများဟာ ဆားငန်ရေများဖုံးလွှမ်းခဲ့ကြရပါတယ်။ အဓိကအားနည်းချက်က စက်ယန္တရားတွေကို အသုံးပြုခြင်း၊ အသုံးပြုပြီးတော့ ဆည်ဖို့ပေးနိုင်ခြင်းမရှိတာဖြစ်ပါတယ်။ စက်ယန္တရားများကို အသုံးပြုမယ်ဆိုရင် တမံရဲ့ မြေသားကျစ်လျစ်မှုကို ရစေပြီးတော့ စံချိန်စံညွှန်းမီတည်ဆောက်လာနိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃-၂၀၁၄ အမျိုးသားစီမံကိန်းဘဏ္ဍာနှစ်အလိုက် မူဝါဒ၊ ရည်မှန်းချက် လုပ်ငန်းစဉ်မူကြမ်းရဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရည်မှန်းချက် စစ မှာ မုန်တိုင်းနှင့် ဒီရေလှိုင်းများကျရောက်တတ်သော ဒေသများတွင် ရေငန်တားတာတမံများကို စနစ်တကျ စံချိန်စံညွှန်းမီ တည်ဆောက်ပေးသွားမည်ဟု ဖော်ပြထားတာကို တွေ့ရလို့ အားရဝမ်းသာကျေနပ်မိပါတယ်။ စံချိန်စံညွှန်းမီ တည်ဆောက်ပေးမယ်ဆိုရင် စက်ယန္တရားကို အသုံးပြုပြီး ဆည်ဖို့ပေးရန် အဓိကလိုအပ်ပါတယ်။ ယခုအချိန်ဟာ ရခိုင်ပြည်နယ်က အရွယ်ကောင်းလူလတ်ပိုင်းတွေကလည်း မျှော်လင့်ချက်မဲ့နေတဲ့ မွေးရာဒေသကိုစွန့်ခွာပြီး ရပ်ဝေးမြေမှာ သွားရောက်အလုပ်လုပ်ကိုင်နေကြလို့ လုပ်အားရှားပါးမှုတွေ ဖြစ်ပေါ်နေပါတယ်။ အဲ့ဒါကြောင့်လည်း စက်ယန္တရားတွေကို သုံးဖို့လိုအပ်တယ်လို့ ဖော်ညွှန်းနေတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း ဆည်မြောင်းဌာနပိုင် စက်ယန္တရား အရေအတွက်က လွန်စွာနည်းပါးပါတယ်။ မြေတူးစက် ၇ စီး၊ မြေထိုးစက် ၆ စီး၊ မြေသယ်စက် ၈ စီး၊ စုစုပေါင်း ၂၁ စီးသာရှိလို့ ဝန်နှင့်အားမမျှဘဲ နည်းနည်းနှင့်ကျဲကျဲဝိုင်းနေကြရပါတယ်။ စက်ယန္တရား များဟာလည်း သက်တမ်းကြာမြင့်နေပြီဖြစ်လို့ မကြာခဏပျက်စီးတာသည် ပြည်မြို့ထိတက်ပြီး ဒါမှ မဟုတ် စက်ပစ္စည်းတွေကို မှာယူပြီး ပြင်ဆင်နေရလို့ ရပ်နားထားရတဲ့အချိန်လည်း များစွာရှိပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကမ္ဘာကြီးဟာ သဘာဝဖောက်ပြန်မှုဘေးအန္တရာယ်တစ်နှစ်ထက် တစ်နှစ် ကြုံတွေ့လာရပါတယ်။ မြန်မာနိုင်ငံပင်လယ်ကမ်းခြေဒေသများမှာလည်း မုန်တိုင်းအန္တရာယ် ထူးကဲတဲ့ ဒီရေတွေနဲ့ တစ်နှစ်ထက်တစ်နှစ် ဒီရေမျက်နှာပြင်ဟာလည်း နှစ်စဉ်မြင့်တက်လျက်ရှိပါတယ်။ ယခင်က ၅ ပေအမြင့်ဆည်ဖို့ရတဲ့ ဒီရေတားတာတမံတွေဟာ ယခုအခါ ၆ ပေလောက်အမြင့်တည်ဆောက်ရ

ပါတယ်။ ဒီလိုအခြေအနေမှာ နိုင်ငံတော်က ရေငန်တားတာတမံတွေကို အင်နဲ့အားနှင့်တည်ဆောက်ပေးဖို့လိုပါတယ်။ နောင်လာနောက်သားတွေအတွက် မဆုတ်တမ်းခံတပ်အဖြစ် တည်ဆောက်ပေးဖို့လိုပါတယ်။ စက်ယန္တရားများကို သုံးပြီးခိုင်မာတဲ့ ကျွန်းပတ်တာတမံတွေ တည်ဆောက်ပေးဖို့ လိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဘက်ဘက်တွင် နိမ့်ကျလျက်ရှိသော ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ပထမဆုံးစလုပ်နိုင်ချိန်က စတင်လုပ်ဆောင်ပေးမည်ဆိုပါလျှင် မြေနိမ့်ဒေသလယ်ယာစိုက်ပျိုးရေးအတွက် ရေငန်တားတာတမံများကို အခိုင်အမာတည်ဆောက်ပေးရန် အထူးလိုအပ်ပါတယ်။ ရေငန်တားတာတမံများကို တည်ဆောက်ရာတွင်လည်း နိုင်ငံတော်၏ဘဏ္ဍာငွေ များကို အကျိုးရှိရှိ ထိထိရောက်ရောက်အသုံးပြုနိုင်မည်ဆိုပါက ရှေ့ကလုပ်၊ နောက်ကပျက်အဖြစ်မျိုး မကြုံစေရန် စက်ယန္တရားများကိုသုံးပြီး ကျွန်းပတ်ရေငန်တားတာတမံများ တည်ဆောက်ပေးမှသာ ရေရှည်အကျိုးရှိမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်လယ်သမားတွေအဖို့ အရေးကြီးဆုံးအခက်အခဲ ပြဿနာဟာ ဒီရေတားတာတမံတွေ တောင့်တင်းခိုင်မာရေးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများရဲ့ အကျိုးကို မျှော်ကိုး၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းလိုပါတယ်။ ရခိုင်ပြည်နယ်အတွင်းရှိ ဆည်မြောင်းတာတမံ၊ အစိုးရတာ၊ လယ်သမားတာများကို ဆည်ဖို့ရာတွင် စံချိန်စံညွှန်းမီ တောင့်တင်း ခိုင်မာသော ရေငန်တားတာတမံများဖြစ်ပေါ်နိုင်ရန်အတွက် အစိုးရဌာနပိုင် ယန္တရားအရေအတွက်ကို တိုးချဲ့ချထားပေးနိုင်ပါမည်လား သိလိုပါသည်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း၏ မေးမြန်းချက်ကို ကျွန်တော်ဆက်လက်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ဆည်မြောင်းဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် စီမံကိန်းလုပ်ငန်းများတည်ဆောက်ခြင်း၊ တည်ဆောက်ပြီး ဆည်တာတမံများ

ပြုပြင်ထိန်းသိမ်းခြင်း၊ ဆည်မြောင်းလုပ်ငန်းငယ်များ တည်ဆောက်ပေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း စသည်တို့ကို ဆောင်ရွက်ပေးရသည့်လုပ်ငန်းပမာဏနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ စက်ယန္တရားများကို ခွဲဝေချထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်း ဆည်မြောင်း လုပ်ငန်းများဖြစ်သည့် ရေငံတားတာများတည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြေတူးစက် ၇ စီး၊ မြေထိုးစက် ၆ စီး၊ မြေသယ်ယာဉ် ၈ စီး၊ စုစုပေါင်း စက်ယန္တရား ၂၁ စီးခွဲဝေချထားပေးပြီးဖြစ်ပါတယ်။ အဆိုပါစက်ယန္တရားများမှ မြေနီတောင် ရေငန်တား တာတည်ဆောက်ခြင်းလုပ်ငန်းတွင် မြေတူးစက် ၂ စီး၊ မြေထိုးစက် ၃ စီး၊ မြေသယ်ယာဉ် ၈ စီး ကိုလည်းကောင်း၊ မြေပုံမြို့နယ် ငမန်းရဲကျွန်း ရေငန်တားတာပြန်လည်ပြုပြင်ခြင်းလုပ်ငန်းတွင် မြေတူး စက် ၅ စီးနှင့် မြေထိုးစက် ၃ စီးတို့ကိုလည်းကောင်း ခွဲဝေချထား၍ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေး အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်း ရေငန်တားတာများ၊ လယ်သမားတာ (ကာရီ)များတည်ဆောက်ခြင်း၊ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများတွင် လုပ်ငန်းပမာဏကြီးမားပြီး စက်ယန္တရားများသယ်ယူရန်အခက်အခဲ မရှိသောဒေသများ၌ စက်ယန္တရားများဖြင့်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ မြေပျော့၊ မြေနိမ့်ပိုင်းနှင့် ချောင်းမြောင်းများပေါများသည့်ဒေသများ၌ စက်ယန္တရားများသယ်ယူပို့ဆောင်ရာတွင် ဇက်ရေယာဉ်ကို ခက်ခဲစွာအသုံးပြုရခြင်း၊ စက်ယန္တရား ကြီးများဖြင့်လုပ်ငန်းဆောင်ရွက်ရန်ခက်ခဲခြင်း၊ ဖို့မြေအတွက် မြေငှားရယူနိုင်သည့် နေရာများသို့ မြေသယ်ယာဉ်များဝင်ရောက်ရာတွင် အခက်အခဲများစွာရှိခြင်းတို့ကြောင့် စက်ယန္တရားများ အသုံးမပြု ဘဲ လူအင်အားဖြင့်သာဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လုပ်ငန်းပမာဏကြီးမားသဖြင့် စက်ယန္တရားများဖြင့်ဆောင်ရွက်ရန်လိုအပ်ပြီး ဆောင်ရွက်ပေးရန်လည်း အခြေအနေပေးသည့် နေရာ ဒေသရှိလုပ်ငန်းများကို စက်ယန္တရားများဖြင့် လိုအပ်လျှင် လိုအပ်သလိုဖြည့်တင်းဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်းနှင့် စက်ယန္တရားများပေးပို့ရန် ခက်ခဲသောလုပ်ငန်းနှင့် ပမာဏ သေးငယ်သည့်လုပ်ငန်းများကို လူအင်အားဖြင့် စံချိန်စံညွှန်းပြည့်မီ အောင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မိုင်းပုတ်ကျေးရွာအုပ်စု၊ နောင်ခိုက်စိုက်ကွင်းတွင် စိုက်ပျိုးရေမရရှိသဖြင့် မြောင်းလက်တံဟောင်းများကို ပြန်လည်တူးဖော်ရန်နှင့် ရေကာတာ၊ ရေလွှဲမြောင်းများ(Fall)များကို ဌာနမှ စနစ်တကျစီမံခန့်ခွဲ၍ ရေခွဲဝေပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ်၊ မိုင်းပုတ်ကျေးရွာအုပ်စု၊ နောင်ခိုက်စိုက်ကွင်းတွင် ကွင်းအမှတ် ၁၂၊ ၁၃ ၌ စိုက်ပျိုးရေများမရရှိသည်မှာကြာပြီဖြစ်သဖြင့် မြောင်းလက်တံဟောင်းများပြန်လည်တူးဖော်ပေးပါရန် ကြယ်ပွင့်ပြမေးခွန်းနှစ်ခုတင်ပြမေးမြန်းထားခဲ့ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ်၊ မိုင်းပုတ်ကျေးရွာအုပ်စု၊ ခိုဆိုင်းကျေးရွာမြောက်ဘက်ရှိ ကွင်းအမှတ် ၁၂၊ ၁၃ ခေါ် နောက်ခိုက်စိုက်ကွင်းတွင် လယ်ဧက ၂၂၈ ဧကခန့်ရှိပြီး စိုက်ပျိုးရေမရရှိသည်မှာ ၅ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ စဥ့်ဆိုင်ကျေးရွာအုပ်စုနားဆိုင်းရေလွှဲဆည်မှ ဆည်ရေသောက်တူးမြောင်စနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင်ခဲ့သော စိုက်ကွက်များဖြစ်ပါတယ်။ နယ်မြေဒေသအခြေအနေအရပ်ရပ်ကြောင့် ဆည်မြောင်းဌာနနှင့် ဒေသခံတောင်သူများပါထိန်းသိမ်းနိုင်စွမ်းမရှိခြင်း၊ ပင်မနားဆိုင်းဆည်ကြီးမှ မြောင်းလက်တံများတဖြည်းဖြည်းတိမ်ကောလာခြင်းတို့ကြောင့် ၂၀၀၈ ခုနှစ်မှစ၍ရေမရရှိတော့သဖြင့် စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းမရှိတော့ပါ။ ၁၂-၄-၂၀၁၃ ရက်နေ့တွင် မိုင်းပုတ်ကျေးရွာအုပ်စု ကျေးလက်လူထုတွေ့ဆုံပွဲ၌ ကျေးလက်နေတောင်သူများမှ ပြန်လည်တူးဖော်ပေးပါရန်တင်ပြလာသဖြင့် ကွင်းအမှတ် ၁၂၊ ၁၃ သို့ ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များ၊ လယ်ပိုင်ရှင်များနှင့်အတူသွားရောက်ကြည့်ရှုခဲ့ရာ ကျယ်ပြန့်သောန္ဒားစားကျက်မြေများအဖြစ်သာမြင်တွေ့ခဲ့ရပါတယ်။ ထို့ကြောင့် ၂၅-၄-၂၀၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း အဖြစ်တင်ပြမေးမြန်းခဲ့ရခြင်းဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကတိကဝတ်ပြုထားသည့်အတိုင်း ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နားဆိုင်းဆည်ကြီးကို စက်ယန္တရားများဖြင့် ပြန်လည်ဆည်ယူပေးခဲ့ပါတယ်။ နားဆိုင်းဆည်ပြန်လည်တူးဖော်ပေးသော မြေထိုးစက် (Back Hoe) နဲ့ပင် ၂၅-၅-၂၀၁၃ ရက်နေ့၌ နောင်ခိုက်စိုက်ကွင်း ယခုကွင်းအမှတ် ၁၂၊ ၁၃ စိုက်ပျိုးရေ ပြန်လည်

ရရှိရေးအတွက် မြောင်းလက်တံ ဟောင်းများပြန်လည်တူးဖော်ပေးခဲ့ရာ ယခု ဇူလိုင်လပထမပတ်တွင် ပြန်လည်တူးဖော်သည့်လုပ်ငန်း အောင်မြင်ပြီးစီးကြောင်းသိရှိရပါတယ်။ ထို့ကြောင့် ရွာသူရွာသားများမှ အထူးဝမ်းသာလျက်ရှိကြပြီး ပြောင်းလဲလာသော နိုင်ငံရေးစနစ်သစ်နှင့် အစိုးရသစ်တို့အပေါ် ပိုမိုယုံကြည်သက်ဝင်ကာ ကျေးဇူးတင်လျက်ရှိနေကြပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု မေးခွန်းနှင့် တစ်ဆက်တစ်စပ်တည်းတင်ပြလိုတာကတော့ ကျွန်တော်တို့ ဒေသသည် ဝေးလံခေါင်သီသော ရှမ်းပြည်နယ်တောင်ပိုင်းအစွန်ဆုံးဒေသဖြစ်ပါသဖြင့် ယခုကဲ့သို့ မြေတူးစက်ယန္တရားများ တစ်ခါတစ်ခေါက်လာရောက်နိုင်ဖို့မှာ မလွယ်ကူလှပါ။ သယ်ယူရာတွင် ခက်ခဲပြီးစရိတ်စကများစွာကုန်ကျကြောင်းလည်း သိရှိရပါတယ်။ ယခု မြေထိုးစက် (Back Hoe) ရောက်ရှိနေချိန်တွင် လူထုအားဖြင့်ဆောင်ရွက်ရန်မစွမ်းနိုင်သော အများအကျိုးပြုလုပ်ငန်းများကို တစ်ပါတည်းဆောင်ရွက်ပေးစေလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာတင်ပြလိုပါတယ်။ ဆောင်ရွက်ရမည့်လုပ်ငန်းများကတော့ (၁) မောက်မယ်မြို့နယ် မြို့ပေါ်ရပ်ကွက်အနီးသို့ချဉ်းကပ်ရောက်ရှိနေပြီဖြစ်သော နမ့်ယွန်းချောင်းကွေ့အတွင်းရှိ ကိုင်းတော၊ ကျူတောများမှာ နှစ်စဉ်မီးလောင်လေ့ရှိသဖြင့် မြို့လူထုမှာနှစ်စဉ်မီးလန့်နေရပါသည်။ နမ့်ယွန်းချောင်း ဖြောင့်တန်းစွာဖောက်ပေးလိုက်ပါက ကျူတော၊ ကိုင်းတောများ မီးလောင်သည့်ရန်မှကင်းဝေးမည် ဖြစ်ပါသဖြင့် နမ့်ယွန်းချောင်းဖြောင့်ခြင်းလုပ်ငန်းအား တူးဖော်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ (၂) မောက်မယ်မြို့နယ်၊ စဥ့်ဆိုင်ကျေးရွာအုပ်စု နားဆိုင်းကျေးရွာအနောက်ဘက်ရှိ လယ်မြေဧကများစွာ အကျိုးပြုနေသော နမ့်အွန်ရေထွက်အတွင်းသို့ ဟွေဖာလိုင်းတောင်ကျချောင်းရေများနှစ်စဉ်ဝင်ရောက် လေ့ရှိသဖြင့် နမ့်အွန်ရေထွက်မှာ တဖြည်းဖြည်းတိမ်ကောလာပါသည်။ နောင် ၄၊ ၅ နှစ်ဝန်းကျင်တွင် ကွယ်ပျောက်သွားနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နမ့်အွန်ရေထွက်အားပြန်လည်ဆည်ယူပေးပါရန်နှင့် ရေလွှဲမြောင်းဖောက်လုပ်ပေးပါရန် အထူးတင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်း ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းမေးမြန်းချက်ကို ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်ခင်ဗျား။ နားဆိုင်းရေလွှဲဆည်

သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ မောက်မယ်မြို့နယ်၊ စဥ့်ဆိုင်ကျေးရွာအုပ်စု၊ နားဆိုင်းကျေးရွာအနီးတွင် ရှေးယခင်စော်ဘွားများလက်ထက်ကတည်ဆောက်ခဲ့သည့် ကျေးရွာရေလွှဲဆည်တစ်ခုဖြစ်ပါတယ်။ အဆိုပါ ရေလွှဲဆည်အား ဆည်မြောင်းဦးစီးဌာနမှ နားဆိုင်းကွန်ကရစ်ရေလွှဲဆည်အဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းနှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ၁၉၇၃-၁၉၇၄ ဘဏ္ဍာရေးနှစ်တွင်စတင်ဆောင်ရွက်ခဲ့ရာ ၁၉၇၅-၁၉၇၆ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးခဲ့ပါတယ်။ အကျိုးပြုဧကမှာ ၇၂၇ ဧကဖြစ်ပါတယ်။ နားဆိုင်းရေလွှဲဆည်ထိန်းသိမ်းရေးလုပ်ငန်းများကို နှစ်စဥ့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အလိုအလျောက်ရေထိန်းတံခါးများပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရေလွှဲဆည် ရေဝပ်ဧရိယာသဲနုန်းတူးဖော်ခြင်းနှင့် တူးမြောင်းများ ဒီဇိုင်းပုံစံကျတူးဖော်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ရေဝပ်ဧရိယာသဲနုန်းတူးဖော်ခြင်းလုပ်ငန်းမှာ ယခုတင်ပြချိန်တွင် ၃၈ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။ ကျန်လုပ်ငန်းများအားလုံးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကုန်တွင် ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။ တစ်ဆက်တည်းတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသော ဆည်မြောင်းဌာနမှစက်များရောက်ရှိစဥ့်ကာလအတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့နဲ့ညှိနှိုင်းပြီးတော့ လိုအပ်သလို ဆက်လက်ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့တင်ပြချက်အပေါ် ပြန်လည်ဆွေးနွေးသွားတဲ့ ဒုတိယဝန်ကြီးရဲ့ဆွေးနွေးချက်မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်မယ်ဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ရေရာသေချာအောင် အခု ကျွန်တော်ပြောတာလေးကို စဥ်းစားပြီးဆောင်ရွက်ပေးပါ။ အခုကာလမှာတော့ တစ်ခါတည်းညှိနှိုင်းပါ။ ညှိနှိုင်းတဲ့အခါမှာ သူတို့ဘက်က ငွေရေးကြေးရေးအပါအဝင် အခြားအခက်အခဲတွေရှိတယ်ဆိုလို့ရှိရင်လည်း ငွေရေးကြေးရေးနှင့် အခြားအခက်အခဲတွေကို သိအောင်လုပ်ပြီး လွှတ်တော်ကိုပြန်ပြီးတော့ အကြောင်းကြားပေးပါ။ အကယ်လို့ ငွေရေးကြေးရေး အခက်အခဲရှိတယ်ဆိုလို့ရှိရင်လည်း လာမယ့်ဘတ်ဂျက် ဖြည့်စွက်ရန်ပုံငွေမှာထည့်သွင်းစဥ်းစားပေးမယ်ဆိုလို့ရှိရင်တော့ လုပ်ငန်းကတစ်ခါတည်းပြီးပြတ်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ တင်ပြတဲ့ မောက်မယ်မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့တင်ပြချက်၊ ဒီအပေါ်မှာ ဖြေကြားပေးတဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးရဲ့ဖြေကြားချက်ကိုပေါင်းစပ်ပြီးတော့

ခုနက ကျွန်တော်ရှင်းလင်းတင်ပြတဲ့အတိုင်း အမြန်ဆုံးညှိနှိုင်းပြီးတော့ အမြန်ဆုံးပြန်တင်ပေးပါ။ ဒါကြောင့်မို့လို့ ဒီညှိနှိုင်းမှုကိုလည်း တစ်ပတ်အတွင်းမှာညှိနှိုင်းပြီးတော့ အခြေအနေကို သီးခြား ကျွန်တော်တို့ဆီပြန်တင်ပေးလို့ရှိရင် လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ဖို့ အခွင့်အလမ်းများစွာ ရှိပါတယ်။ ဆက်လက်ဆောင်ရွက်ပေးဖို့ နှစ်ဦးလုံးကို ကျွန်တော် ဒီလိုပဲ ညှိနှိုင်းပေးစေလိုပါတယ်။

**လွယ်ပန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ပေ(၆၀x၃၀)ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လိုအပ်နေသောရန်ပုံငွေကိုခွင့်ပြုချထားပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(နောင်ချိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြု ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ နောင်ချိုမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးကဏ္ဍမှ ဥပမိရုပ်မကောင်းတဲ့ကျောင်းနှင့်ပတ်သက်ပြီးမှ မေးမြန်းသွားမှာဖြစ်ပါတယ်။ နောင်ချိုမြို့နယ်၊ ရေတွင်းကြီးအုပ်စု လွယ်ပန်းကျေးရွာအခြေခံပညာ မူလတန်းကျောင်းဟာ ပင်မကျောင်းဆောင်ဖြစ်တဲ့ လုံတာအခြေခံပညာအထက်တန်းကျောင်းနဲ့ ၅ မိုင် ခန့်ကွာဝေးပါတယ်။ မြေသားလမ်းဖြစ်ပြီးတော့မှ မိုးတွင်းကာလမှာ တောင်ကျချောင်းရေများတိုက်စား မှုကြောင့် ကျောင်းသူကျောင်းသားများဟာ သွားလာရေးအလွန်ခက်ခဲလျက်ရှိပါတယ်။ နောင်ချိုမြို့ နယ်နဲ့လည်း ၂၅ မိုင်ကွာဝေးပါတယ်။ ဝေးလံခေါင်သီပြီး လူနေမှုဆင်းရဲသောရွာကလေးတစ်ရွာဖြစ်ပါ တယ်။ လက်ရှိ လွယ်ပန်းကျေးရွာအခြေခံပညာမူလတန်းကျောင်းဟာ သွပ်မိုး၊ ထရံကာဖြင့်ဆောက်လုပ် ထားပြီး ဆောက်လုပ်သည့်ကာလမှာကြာမြင့်ပြီဖြစ်ပါ၍ ကျောင်းဆောင်မှာဆွေးမြေ့နေပြီး ကျောင်း ဆောင်ရဲ့ဥပမိရုပ်ကကောင်းမွန်ခြင်းမရှိပါဘူး။ သို့ဖြစ်ပါ၍ လွယ်ပန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအတွက် လိုအပ်လျက်ရှိသော ပေ(၆၀x၃၀)ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် ရန်ပုံငွေချထားပေးရန်အစီအစဉ်ရှိ/မရှိ။ ရန်ပုံငွေခွင့်ပြုချက်ချပေးပါက မည်သည့်အချိန်ကာလတွင် ချပေးမည်ကို ဖြေကြားပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာတင်ပြအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းကိုမဖြေမီ ခုနက ကျွန်တော်ညှိနှိုင်းဆုံးဖြတ်တာကို ထပ်ပြီးတော့ဖြည့်စွက်ပါ့မယ်။ အခု တင်ပြချက်အပေါ် လွှတ်တော်ကော်မတီနဲ့စိစစ်ဆောင်ရွက်ပေးစေလိုတာကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီက ခုနကတင်ပြချက်များကို မှတ်သားပြီးတော့ သက်ဆိုင်ရာနဲ့ညှိနှိုင်းပေးပါ။ ထိုနည်းတူစွာပဲ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လုပ်ဆောင်ပေးဖို့အခွင့်အလမ်းမရှိဘူး။ ငွေရေးကြေးရေးမရှိဘူးဆိုလို့ရှိရင် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအနေနဲ့ ဆက်စပ်ပြီးတော့ ငွေရေးကြေးရေး ဘတ်ဂျက်ကိစ္စအတွက်ပြန်ညှိနှိုင်းပေးဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့လွှတ်တော်မှာဖွဲ့စည်းထားတဲ့ ကော်မတီ ၂ ခုဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ ပြီးတဲ့အခါမှာ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက ညှိနှိုင်းပြီးတော့ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခုဆက်လက်ပြီး နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် မေးမြန်းတဲ့ မေးခွန်းအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဘရွှေ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဒေါက်တာဘရွှေ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၏ မေးမြန်းသောမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်မှဆက်လက်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေမှ ရှမ်းပြည်မြောက်ပိုင်းအတွင်းမှာ ဦးစားပေးအစီအစဉ်အရ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အခြေခံပညာကျောင်းပေါင်း ၉၄ ကျောင်းအား ရန်ပုံငွေကျပ်သန်းပေါင်း ၂၅၁၂.၈၀၀ သန်းကို ခွဲဝေပေးထားခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါကျောင်းများအနက် နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၆ ကျောင်းအတွက် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ရန်ပုံငွေကျပ်သန်းပေါင်း ၁၇၂.၈၀၀ သန်းခွဲဝေပေးခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီလို ခွဲဝေပေးပြီးဖြစ်တဲ့အတွက်ကြောင့် လွယ်ပန်းကျေးရွာ အခြေခံပညာမူလတန်း

ကျောင်းတွင် (၆၀x၃၀) ပေ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လှိုင်သာယာမြို့နယ်အတွင်းရှိ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၊ အ-မ-က(၁၉) မူလွန်၊ အ-မ-က(၂၂)မူလွန်၊ အ-မ-က(၃၁) မူလွန်ကျောင်းများ၏ ကျောင်းဆောင်သစ်များ ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုရင်း ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လှိုင်သာယာမြို့နယ်ရဲ့ ပညာရေးကဏ္ဍနှင့်ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကိုတင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လှိုင်သာယာမြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများအနက်မှ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းလွန်ကျောင်းများဖြစ်ကြတဲ့ အ.မ.က (၁၉) မူလွန်၊ အ.မ.က(၂၂) မူလွန်၊ အ.မ.က (၃၁) မူလွန်ကျောင်းများဟာ လက်ရှိမှာ ၎င်းကျောင်းများရဲ့ ကျောင်းဆောင်များမှာရှိတဲ့ စာသင်ခန်းအရေအတွက်နှင့် ကျောင်းသားဦးရေ မမျှမတဖြစ်နေတဲ့အတွက် ကျောင်းသား ကျောင်းသူများအနေနဲ့ ကျပ်တည်းစွာပညာသင်ကြားနေကြရပါတယ်။ ၂၀၁၃-၂၀၁၄ နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်များမှာ ကျောင်းသားဦးရေဟာ ထပ်မံတိုးပွားလာမှာဖြစ်လို့ လက်ရှိ၎င်းကျောင်းများရဲ့ ကျောင်းဆောင်များမှာရှိတဲ့ စာသင်ခန်းအရေအတွက်နှင့် မည်သို့မျှလုံလောက်မှုမရှိတော့တဲ့အတွက် ကျောင်းဆောင်သစ်များ ထပ်မံဆောက်လုပ်ပေးရန် လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းဆောင်သစ်များ ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဆောက်လုပ်ပေးမည်ကိုသိရှိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဘရွှေ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဥာဏ်ဝင်း၏ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်ဆက်လက် ဖြေကြားသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်းရှိ အမှတ်(၄)အခြေခံ ပညာအလယ်တန်းကျောင်း(လ-ခွဲ၊ မ-၄၆)၊ အမှတ်(၁၉)အခြေခံပညာ မူလတန်းကျောင်း(မူလွန်)၊ အမှတ်(၂၂) အခြေခံပညာမူလတန်းကျောင်း(မူလွန်)နှင့် အမှတ်(၃၁) အခြေခံပညာမူလတန်းကျောင်း (မူလွန်) ကျောင်းများတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာ ရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ ရန်ပုံငွေခွဲဝေပေးခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

**ဝွမြို့တောင်ညိုကြိုးပြင် ကာကွယ်တောအား ပြန်လည်တိုင်းထွာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝွမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဝွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ယနေ့ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည် တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာ ခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ဟာ ပြီးခဲ့တဲ့ ဧပြီလပထမပတ်အတွင်းမှာ ကျွန်တော်တို့ ဝွမြို့နယ်မှာရှိတဲ့ မဲဆန္ဒရှင် ပြည်သူများအား လွှတ်တော်အတွေ့အကြုံများကို သွားရောက်ရှင်းလင်းခဲ့ပါတယ်။ ဒီလိုရှင်းလင်း တင်ပြခဲ့တဲ့အခမ်းအနားတွေမှာ မဲဆန္ဒရှင်များမှ တင်ပြတဲ့ အချက်အလက်များအနက် ဝွမြို့နယ်ရှိ တောင်ညိုကြိုးပြင် ကာကွယ်တောဧရိယာအတွင်းမှာ ကျရောက်နေတဲ့ ကျေးရွာများရဲ့ကိစ္စနှင့် ပတ်သက်ပြီး ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ယခုကဲ့သို့ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဝွမြို့နယ်အတွင်းမှာရှိတဲ့ ရဟိုင်းဖျား၊ ငွေတွေ့၊ ကွင်းလျားရှည်၊ ဆားချက်ကွင်း၊ ပေါက်တူးကွင်း၊ ထန်းပင်ခုံ၊ ကွင်းကြီးကန္နား၊ ကွင်းကြီးတောင်နား၊ ချင်းကွင်း၊ ပေါက်တူးကွင်း၊ ကိုင်းတောကွင်း၊

ရွှေဦးကွင်း၊ နထောကျွန်းနှင့် ရေသိုးဆိုတဲ့ ရွာများဟာ တောင်ညို ကြိုးပြင်ကာကွယ်တော ဧရိယာမှာကျရောက် နေတယ်လို့ သိရပါတယ်။ ကျေးရွာသူ ကျေးရွာသားများရဲ့ တင်ပြချက်အရ ဒီကျေးရွာများဟာ ၁၈၃၃ ခုနှစ်ကပင် ကျေးရွာများအဖြစ် နေထိုင်ခဲ့ပြီး ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ ၂၈-၂-၁၉၇၉ ရက်စွဲပါစာအမှတ်၊ ၃/၁၈၄၊ အထ-၂ ဖြင့်ထုတ်ပြန်တဲ့ ကြေညာချက်အရ လူနေထိုင်တဲ့ ကျေးရွာများ အဖြစ် သတ်မှတ်ခြင်းခံရပြီးဖြစ်ကြောင်း သိရပါတယ်။ ဒေသခံကျေးရွာမှာရှိတဲ့ လယ်ယာမြေ၊ ဥယာဉ် ခြံမြေများဟာလည်း ဘိုးစဉ်ဘောင်ဆက် လက်ထက်ကပင် လုပ်ကိုင်လာခဲ့တဲ့ ဦးပိုင်အမည်ပေါက် လယ်ယာမြေများဖြစ်ပြီး အခွန်ပြေစာများ လည်း ထွက်ရှိပြီးဖြစ်ပါတယ်။ အရင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကာလလက်ထက်က နိုင်ငံတော်သို့ တာဝန်ကျေစပါးများလည်း သူတို့အနေနဲ့ ပေးဆောင်ပြီး လုပ်ကိုင်နေတဲ့ လယ်မြေများဖြစ်ကြောင်း သိရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ တောင်ညိုကြိုးပြင် ကာကွယ်တောစီမံကိန်းကို ၂၀၀၁ ခုနှစ်က စတင် ခဲ့ပြီး ၂၀၀၆ ခုနှစ်အတွင်းမှာ သတ်မှတ်ပြီးစီးသွားတယ်လို့ သိရပါတယ်။ အဲဒီတော့ ကျေးရွာသူ ရွာသား တွေတင်ပြတဲ့ အချက်အရ အဲဒီ ၂၀၀၄-၂၀၀၅ လောက်မှာ သူတို့ရဲ့လယ်ယာမြေအတွင်းမှာ လာပြီးတော့ သစ်တောမြေဧရိယာ သတ်မှတ်ငုတ်တိုင်များကို လာရောက်စိုက်တာတွေ့ရသော်လည်း မည်သည့်ဝန်ထမ်းကမှ ဒါသစ်တောဧရိယာဖြစ်တယ်လို့ ဂဃဏန ရှင်းလင်းတင်ပြခြင်းမရှိတာ သိရပါ တယ်။ ယခု၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှာ လယ်ယာမြေများမှတ်ပုံတင်ရန်အတွက် မြေတိုင်းအဖွဲ့များ လာရောက်တဲ့အခါ အဆိုပါကျေးရွာများ လယ်ယာမြေများ၊ ဥယာဉ်ခြံမြေများမှာ သစ်တောကြိုးဝိုင်း အတွင်း ကျရောက်နေတဲ့အတွက်ကြောင့် လယ်ယာမြေမှတ်ပုံတင် မပေးဘဲ ချန်လှပ်ခဲ့ကြောင်းသိရပါ တယ်။ လယ်ယာမြေမှတ်ပုံတင်ခွင့်မရှိတဲ့အတွက်ကြောင့် စိုက်ပျိုးစရိတ်ချေးငွေလည်း သူတို့မရရှိနိုင် တော့ကြောင်း အုပ်ချုပ်ရေးမှူးက ပြောကြောင်းသိရပါတယ်။ ဘိုးဘွားစဉ်ဆက်က လုပ်ကိုင်လာတဲ့ လယ်ယာမြေများကိုလည်း တစ်ချိန်မှာ လက်လွတ်ဆုံးရှုံးနိုင်ကြောင်း သိရတဲ့အတွက် ပြောကြားတဲ့ အထိ သူတို့မှာကြားနေရတယ်လို့ပြောပါတယ်။ ဒါ့အပြင် ရွာအတွင်းမှာနေထိုင်တဲ့လူများမှာလည်း လက်ရှိရွာကနေ သစ်တောမြေဧရိယာအတွင်း နိုင်ငံတော်ကချပေးတဲ့ တချို့ကျေးရွာများကို ပြောင်းရွှေ့ နေထိုင်ခွင့်ပြုမယ်ဆိုတဲ့ ကတိခံဝန်ချက်ပြုတဲ့ လက်မှတ်များကိုလည်း ထိုးခိုင်းကြောင်းသိရပါတယ်။ ရွာသူရွာသားများ တင်ပြချက်အရ မိမိတို့က ကြိုးပြင်ကာကွယ်တောထဲကိုဝင်ရောက်ပြီး လယ်လုပ်တာ မဟုတ်ဘဲ။ ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်လာခဲ့တဲ့ မိမိတို့လယ်ယာမြေတွေ၊ မိမိတို့ရွာတွေကိုလာပြီး တော့ သစ်တောဦးစီးဌာနက ၂၀၀၁ ခုနှစ် နောက်ပိုင်းမှာလာပြီးတော့ ခြံစည်းရိုးကာခြင်းဖြစ်ကြောင်း

မိမိတို့အနေနဲ့ များစွာမှ မကျေမနပ်ဖြစ်ကြောင်း စိတ်စိုးရိမ်ပူပန်မှုများဖြစ်နေတဲ့အကြောင်းကို တင်ပြပါတယ်။ ဒါကြောင့် ဂွမြို့နယ်မှာရှိတဲ့ တောင်ညိုကြိုးပြင်ကာကွယ်တောအား သစ်တောဦးစီးဌာနမှ ပြန်ပြီးတိုင်းထွာသတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုသော အမေးအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာန ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လေ့လာကြတဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့ ဂွမြို့နယ် တောင်ညိုကြိုးပြင်ကာကွယ်တောများ ပြန်လည်တိုင်းတာသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ် သစ်တောဥပဒေပုဒ်မ ၅၊ ၆ နှင့် ၁၉၅၅ ခုနှစ် သစ်တော နည်းဥပဒေများ ၃ မှ ၈ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးရဲ့ ၄-၄-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၉/၂၀၁၁ နှင့် ရခိုင်ပြည်နယ်၊ ဂွမြို့နယ်အတွင်းမှာရှိတဲ့ တောင်ညိုကြိုးပြင်ကာကွယ်တော မြေဧရိယာ ၁၂၈၀၀၀ ကိုဖွဲ့စည်းသတ်မှတ်ကြေညာခဲ့ပါတယ်။ အဆိုပါ ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းသတ်မှတ်ကြေညာရာမှာ ဒေသခံပြည်သူများ တောင်းဆိုချက်များနှင့် စိစစ်ချက်များအရ ကျေးရွာ ပေါင်း ၄၂ ရွာရှိ ဒေသခံ ၅၃၆ ဦးကို တောင်ညိုကြိုးပြင်ကာကွယ်တောအတွင်းမှာ လယ်၊ ယာ၊ ကိုင်း၊ ဥယျာဉ် စိုက်ပျိုးခွင့်၊ ကျွဲနွားစားကျက်ချခွင့်များ ပြုခဲ့ပါတယ်။ ထိုသို့ ခွင့်ပြုရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဖော်ပြခဲ့တဲ့ ကျေးရွာများအနက် ရဟိုင်ကွင်းရွာ၊ ပေါက်တူးကွင်းရွာနှင့် ဆားချက်ကွင်းရွာများမှာရှိတဲ့ ဒေသခံပြည်သူများ လုပ်ကိုင်စားသောက်နေတဲ့ လယ်၊ ယာ၊ ကိုင်းမြေများလည်း ပါဝင်ကြောင်းတွေ့ရှိရပါတယ်။ တောင်ညိုကြိုးပြင်ကာကွယ်တော ဖွဲ့စည်းစဉ်မှာ အထက်ဖော်ပြပါ အတိုင်း စိစစ်ဆောင်ရွက်ခဲ့ပေမယ့် ဖွဲ့စည်းဆောင်ရွက်ခဲ့စဉ်က နယ်မြေအခြေအနေနှင့် လမ်းပန်းဆက်သွယ်မှု၊ အချိန်ကန့်သတ်ချက်များကြောင့် စာရင်းအင်းအားနည်းမှု၊ နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ လူဦးရေတိုးပွားလာမှုအပါအဝင် စားဝတ်နေရေးအတွက် လိုအပ်မှုများကြောင့် ကြိုးပြင်

ကာကွယ်တောများအတွင်း ဒေသခံပြည်သူများ ထပ်မံဝင်ရောက်တိုးချဲ့လုပ်ကိုင်မှုများလည်း ရှိခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းရှိသစ်တောမြေများ (ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော)များနှင့် သဘာဝနယ်မြေများမှာ ခွင့်ပြုချက်မရှိဘဲ နှစ်ကာလရှည်ကြာစွာ ဝင်ရောက်နေထိုင်၊ လုပ်ကိုင်စားသောက်နေမှုအပေါ် နိုင်ငံတော်သမ္မတရုံးရဲ့ လမ်းညွှန်ချက်နှင့်အညီ မြေယာစိစစ်ခွင့်ပြုရေးကော်မတီမှတစ်ဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟာ ၂၀၁၃ ခုနှစ်မှာ ဧပြီလအတွင်း ကွင်းဆင်းစာရင်းကောက်ယူခဲ့ပါတယ်။ ကောက်ယူရရှိခဲ့တဲ့ စာရင်းများအပေါ် အခြေခံပြီး ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေများအတွင်း နှစ်ကာလအတန်ကြာနေထိုင်လျက်ရှိတဲ့ ကျေးရွာများ၊ လယ်မြေများကို သစ်တောမြေအဖြစ်မှ စွန့်လွှတ်ပယ်ဖျက်ပေးရန် ယာမြေများကို သီးနှံသစ်တော ရောနှောစိုက်ပျိုးသည့် နည်းစနစ်ဖြင့် ဒေသခံပြည်သူအစု အဖွဲ့ ပိုင်သစ်တောအဖြစ်လည်းကောင်း၊ ဥယျာဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားရမ်းသည့်စနစ်ဖြင့်လည်းကောင်း နှစ်ရှည်လုပ်ကိုင်ခွင့်ပြုရန် စီမံချက်ချပြီး အချိန်ကာလအလိုက် လုပ်ငန်းစဉ်များအဆင့်ဆင့်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ပထမအဆင့်အနေနဲ့ အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက် ရွာများနှင့် ဆက်စပ်လျက်ရှိတဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများပိုင်မြေများကို သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးပြီး၊ ဆက်လက်ပြီး အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်မပေါက်တဲ့ ကျေးရွာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပယ်ဖျက်ပေးခြင်း၊ ဒုတိယအဆင့်အနေနဲ့ အိမ်ခြေ ၅၀ အောက် ပြန့်ကျဲနေထိုင်လျက်ရှိတဲ့ အိမ်စု၊ ရွာစုတွေကို ကျေးရွာများအဖြစ်ပြန်လည်စုဖွဲ့ပေးသလို ဆက်စပ်လျက်ရှိသော ရွာမြေ၊ လယ်မြေ၊ သာသနာမြေ၊ အများပိုင်မြေများကိုလည်း ဖွဲ့စည်းနေရာချထားပေးခြင်း သစ်တောမြေများမှ စွန့်လွှတ်ပယ်ဖျက်ပေးခြင်းများကို ဆောင်ရွက်သွားမှာဖြစ်ကြောင်း အတိ အလင်းထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါတယ်။

လက်ရှိကွင်းဆင်းစစ်ဆေးချက်များအရ တစ်နိုင်ငံလုံးမှာ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေများအတွင်း အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက်ရွာပေါင်း ၁၂၁၃ ရွာ ကျရောက်နေကြောင်း စိစစ်တွေ့ရှိရပြီး အဆိုပါရွာများနှင့် ဆက်စပ်လျက်ရှိတဲ့ ရွာမြေ ၂၄၄၄၇.၄၄ ဧက၊ လယ်မြေ ၂၉၅၃၁၉.၇၇ ဧက သာသနာနှင့် အများပိုင် မြေ ၂၆၁၂၁.၉၂ ဧက စုစုပေါင်း ၃၄၅၈၈၉.၁၃ ဧကကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးသွားရန် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂၀/၂၀၁၃) က သဘောတူခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဖော်ပြပါ သစ်တောမြေများကို ပယ်ဖျက် လွှဲပြောင်းပေးရေးသည်

သိမ်မွေ့နက်နဲပြီး ဘက်ပေါင်းစုံမှ ချင့်ချိန်၍ အထူးဂရုပြုစီမံဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်ရာ စာရင်းကောက်စဉ်ကပင် သစ်တောဦးစီးဌာနတစ်ခုတည်းမဟုတ်ဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန စသည့်ဌာနများနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ကောက်ယူရရှိတဲ့ စာရင်းများကို စနစ်တကျစိစစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များရဲ့ အတည်ပြုချက်များနှင့် ကျွန်တော်တို့စိစစ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဆိုပါသစ်တောမြေများအဖြစ်မှ ပယ်ဖျက်ပေးသွားမယ့်စာရင်းမှာ ဂွမြို့နယ် တောင်ညိုကြိုးပြင် ကာကွယ်တော အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက်ရွာများဖြစ်တဲ့ ကွင်းကြီးကန္နား၊ ကွင်းကြီးတောင်နား၊ ချင်းကွင်း၊ ထန်းပင်ခုံ၊ ကွင်းလျားရှည်၊ ရဟိုင်းဖျား၊ ရွှေဦးတွင်း၊ ကျောက်ချက်၊ ဆင်းကူးနှင့် ရေသိုးရွာ၊ စုစုပေါင်း ၁၀ ရွာ ပါရှိပြီးတော့ အဆိုပါရွာများနှင့် ဆက်စပ်လျက်ရှိသော ရွာမြေ ၁၃၀၃.၆၆ ဧက၊ လယ်မြေ ၁၅၂၇၆ ဧက၊ သာသနာနှင့် အများပိုင်မြေ ၁၃၁၂.၇၃ ဧက၊ စုစုပေါင်း ၁၇၈၉၂.၃၉ ဧကလည်းအပါအဝင် ဖြစ်ကြောင်းဖြေကြားလိုပါတယ်။

ဆက်လက်ပြီးတော့မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာသနာရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် စနစ်တကျစိစစ်ညှိနှိုင်းပြီး အထက်ဖော်ပြပါ ရွာမြေ၊ လယ်မြေ၊ အများပိုင်နှင့် သာသနာမြေများကို သစ်တောမြေမှ စွန့်လွှတ်ပယ်ဖျက်ကာ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် လွှဲပြောင်းပေးအပ်ခြင်း၊ ယာမြေများကို သီးနှံရောနှောစိုက်ပျိုးသည့်စနစ်ဖြင့် သတ်မှတ်ကာ ဒေသခံအစုအဖွဲ့ပိုင်သစ်တောများ စိုက်ပျိုးလုပ်ကိုင်ခြင်းများကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဖော်ပြခဲ့သည့် တောင်ညိုကြိုးပြင်ကာကွယ်တောအတွင်းရှိ ကျေးရွာ၊ လယ်၊ ယာ၊ ဥယျာဉ်များကို အထက်ဖော်ပြပါလုပ်ငန်းစဉ်များအတိုင်း သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပယ်ဖျက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့်ကြိုးပြင်ကာကွယ်တော ဧရိယာများကို နယ်နိမိတ်ပြင်ဆင်သတ်မှတ်ခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်မေးမြန်းဖို့ဖြစ်ပါတယ်။

**သဘာဝသစ်တောကြီးများမှ တရားဝင်၊ တရားမဝင် သစ်ခုတ်၍ အခြားနိုင်ငံများသို့ တင်ပို့ရောင်းချ ငွေရှာခြင်းကို ရပ်ဆိုင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော် များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေကြီး၊ ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ဖြစ်ပါတယ်။ အခုအခါမှာ ကျွန်တော်တို့ သစ်တောများ တဖြည်းဖြည်း ခုတ်ပြီးတော့ တခြားနိုင်ငံများကို တင်ပို့ရောင်းချနေသည်မှာ တရားဝင်ရော၊ တရားမဝင် ရော ခုတ်လှဲရောင်းချနေသည်မှာ ကြာပြီဖြစ်ပါတယ်။ ဒါကြောင့် သစ်တောများပြုန်းတီးလာပြီး မိုးလည်းခေါင်လာသဖြင့် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်တို့ဟာ နွေအခါမှာ သဲသောင်ကြီးများ ဖြစ်ထွန်း လာပြီး ယဲ့ယဲ့ပဲကျန်တော့ပါတယ်။ မိုးခေါင်လာပြီး တချို့ရွာတွေမှာဆိုရင် ရေတွင်းရေကန်တွေမှာဆိုရင် ခမ်းခြောက်ပြီးတော့ ယခင် ပေ ၃၀၀ လောက်တူးရတဲ့ ရေတွင်းဟာ ပေ ၄၀၀ လောက်ထိ နိမ့်သွားပါတယ်။ အဲဒီတော့ ယမန်နှစ်ကဆိုရင် မြေပဲစိုက်တဲ့သူတွေ၊ နှမ်းစိုက်တဲ့လူတွေ မိုးခေါင်သွားတဲ့အတွက် တောင်သူများဟာဆိုရင် ဆင်းရဲနွမ်းပါးမှုပိုမိုပြီးတော့ ဖြစ်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ မိုးခေါင်တဲ့အခါကျတော့ မျိုးပါဆုံးသွားတယ်။ နိုင်ငံတော်အစိုးရကလည်း ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးကို လုပ်နေတဲ့အချိန်မှာ အခုလို မိုးခေါင်သွားတဲ့အခါမျိုးတွေ ဖြစ်တဲ့အခါ ကျတော့ ပိုပြီးတော့ ဆင်းရဲနွမ်းပါးမှုပိုမိုများပြားလာတယ်။ အဲဒါကြောင့် သစ်လုံးများ ခုတ်လှဲပြီးတော့ နိုင်ငံခြားကို ပို့ဆောင်မှုများ နိုင်ငံခြားဝင်ငွေရှာမှုလုပ်ငန်းကို တားမြစ်ရန်အချိန်တန်ပြီဖြစ်ပါတယ်။ ပြည်တွင်းသုံးရန်သာ ချန်ထားသင့်ပါတယ်လို့ ကျွန်တော်ယူဆပါတယ်။ သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့ဖွံ့ဖြိုးမှုသာလျှင် နိုင်ငံတော်ရဲ့ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တည်တံ့ ကောင်းမွန်ပြီး ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည့်အတွက် အရေးပါတဲ့သဘာဝသစ်တောကြီးများကို ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ပြီဖြစ်ပါတယ်။ ကြုံလို့ ကျွန်တော်ပြောရရင်တော့ ပုဂံဝန်ထောက်မင်း ဦးတင်ရေးတဲ့ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းမှာ မြန်မာပြည်သာယာပုံဆိုတဲ့အခန်းမှာဆိုလို့ရှိရင် ပုဂံညောင်ဦး တစ်ဝိုက်မှာ တောပေါင်း ၁၆ တောရှိပါတယ်။ အခု နတ်ထိန်းထားလို့ တစ်တောတာ ကျန်ပါ တော့တယ်။ အင်ကြင်းပင်ကြီး ဧက ၄၀ လောက်ကျန်ပါသေးတယ်။ ပုဂံကနေပြီးတော့ ၁၂ မိုင်လောက် ဝေးတဲ့နေရာမှာ ရှိပါတယ်။ အဲဒီတော့

အခုအခါမှာဆိုရင် သဘာဝစာတ်ငွေ့များ ရောင်းချခြင်းဖြင့် နိုင်ငံတော်ဝင်ငွေရရှိတော့မည်ဖြစ်သဖြင့် သစ်လုံးများတင်ပို့ရောင်းချဝင်ငွေရှာခြင်းကို မပြုသင့်ဟု ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ နောက်အစားထိုးစိုက်တဲ့ ကျွန်းနှင့် သစ်မာပင်များဟာလည်း နှစ်ပေါင်း ၂၀၀ လောက် အနည်းဆုံး စောင့်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်နဲ့ ရွှေတောင်ကြားကို ရောက်တုန်းက လမ်းရဲ့အရှေ့ပိုင်းမှာရှိတဲ့ ကျွန်းတောလေးကို ကျွန်တော်တို့ သတိပြုမိပါတယ်။ အဲဒီမှာ စိုက်တဲ့ Date ရေးထားပါတယ်။ ၁၈၅၀ အဲဒီလိုတွေရေးထားတဲ့အခါမှာ ကျွန်တော် တွက်ကြည့်တဲ့ အခါကျတော့ နှစ်ပေါင်း ၁၆၀ ရှိနေပြီဖြစ်သော်လည်း အချင်း ၁ ပေနဲ့ ၁ ပေ ၆ လက်မ သေးသေးလေး ဂရိဘောဂများအတွက် အသုံးမဝင်သေးဘဲ ဖြစ်နေပါတယ်။ နောက်စိုက်တဲ့အပင်များဟာ သုံးဖြစ်ဖို့က နှစ် ၂၀၀ လောက် အနည်းဆုံးစောင့်ရမှာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ သစ်တောကြီးများ မပြုန်းစေရေး ရာသီဥတုမပြောင်းရေးအတွက် ပြည်သူများကိုယ်စား မေးခွန်းတစ်ခု မေးလိုသည်မှာ သဘာဝသစ်တောကြီးများမှတရားဝင်ရော၊ တရားမဝင်ရော သစ်ခုတ်၍ အခြားနိုင်ငံများသို့ တင်ပို့ရောင်းချဝင်ငွေရှာခြင်းကို ရပ်ဆိုင်းပေးရန် အစီအစဉ် ရှိ/မရှိ၊ နိုင်ငံနှင့်ပြည်သူအကျိုးအတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ရဲ့ သစ်တောကြီးများ မပြုန်းတီးစေရေး၊ ရာသီဥတုပြောင်းလဲမှုမရှိစေရေးအတွက် သဘာဝသစ်တောကြီးများမှ တရားဝင်၊ တရားမဝင်သစ်ခုတ်၍ အခြားနိုင်ငံများသို့ တင်ပို့ရောင်းချဝင်ငွေရှာခြင်းကို ရပ်ဆိုင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ခေတ်ကာလများစွာကပင် သစ်တောသယံဇာတ အရင်းအမြစ်ကြွယ်ဝတဲ့ နိုင်ငံဖြစ်ကြောင်း အားလုံးအသိပဲ ဖြစ်ပါတယ်။ အရှေ့တောင်အာရှဒေသ အတွင်းမှာ ယနေ့အချိန်ထိ သစ်တောဖုံးလွှမ်းမှုကောင်းဆဲဖြစ်ပြီး သစ်တောဂေဟစနစ်အမျိုးမျိုးနဲ့ ဇီဝမျိုးစုံမျိုးကွဲများ ဖြစ်ထွန်းလျက်ရှိတာလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ သစ်တောဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဖြစ်ထွန်းလျက်ရှိတာလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ သစ်တောဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများအပါအဝင် သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုး

တက်ရေးအတွက် သစ်တောမူဝါဒများ၊ စီမံအုပ်ချုပ်မှုများကို စနစ်တကျပြဋ္ဌာန်းစီမံခန့်ခွဲအုပ်ချုပ်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ သို့သော်လည်း နိုင်ငံတော်ရဲ့လက်ရှိ လူဦးရေတိုးတက်လာမှု၊ စီးပွား ဖွံ့ဖြိုးတိုးတက်ရန်သစ်တောသယံဇာတအရင်းအမြစ်အပေါ် မှီခိုအားထားခဲ့ရပါတယ်။ ပြည်သူများရဲ့ သစ်တောထိန်းသိမ်းကာကွယ်ရေးအသိတရားနည်းမှု၊ အိမ်နီးနားချင်းနိုင်ငံများသို့ တရားမဝင်သစ်ခိုးထုတ်သယ်ယူရောင်းချမှုများကြောင့် သစ်တောဖုံးလွှမ်းမှုများ အထိုက်အလျောက် လျော့နည်းလာပြီး သစ်တောအတန်းအစားများလည်း အထိုက်အလျောက်ကျဆင်းလာကြောင်း တွေ့ရှိရပါတယ်။ ယခင်ခေတ်အဆက်ဆက် နိုင်ငံတော်အတွက် နိုင်ငံခြားငွေဖြည့်ဆည်းပေးရန်အတွက် သစ်ထုတ်လုပ်တင်ပို့ ရောင်းချခဲ့ရတဲ့ နည်းတူ၊ တရားမဝင်သစ်ခိုးထုတ်လုပ်မှု၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးမှုအားနည်းသည့်နယ်မြေများတွင် နယ်မြေလုံခြုံမှုနဲ့ အေးချမ်းတည်ငြိမ်မှုမရှိတဲ့ အပေါ်အခွင့်အရေးယူပြီး ဝိသမလောဘသမားများရဲ့ အလွန်အကျွံ ကိုယ်ကျိုးရှာ တရားမဝင် ဆောင်ရွက်မှုများကြောင့် သစ်တောပြုန်းတီးမှုဖြစ်လာရတဲ့ အကြောင်းအရင်းထဲမှာလည်း တစ်ချက် အပါအဝင် ဖြစ်ပါတယ်။

သစ်တောသယံဇာတအရင်းအမြစ်များ ထိခိုက်လျော့နည်းလာမှုကြောင့် ကမ္ဘာတစ်ဝန်းတွေ့ကြုံရင်ဆိုင်နေရတဲ့ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုကို ကျွန်တော်တို့နိုင်ငံမှာလည်း တွေ့ကြုံခံစားခဲ့ကြရပြီးဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဒေသခံပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်သကဲ့သို့ ရေမြေတောတောင်ရာသီဥတုအားလုံး အကျိုးဆက်များ ထိတွေ့ခံစားနေရပြီ ဖြစ်ပါတယ်။ ဖော်ပြပါ ထိခိုက်မှုများကို လျော့နည်းသက်သာလာစေဖို့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ကာကွယ်ရေးလုပ်ငန်းများ၊ သစ်တောသံယံဇာတများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ယနေ့အချိန်အခါကာလတွင် အလေးထားဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးနဲ့ လွှတ်တော်ဥက္ကဋ္ဌများ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များကလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် အလျဉ်းသင့်သလို တိုက်တွန်းဆွေးနွေး လမ်းညွှန်ခဲ့တာကိုလည်း ကျွန်တော်တို့အနေနဲ့ အလေးအနက်ခံယူဆောင်ရွက်လျက်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ သစ်တောများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ပြီး ရေ၊ မြေ၊ ရာသီဥတု ထိန်းသိမ်းကာကွယ်နိုင်ရန်နဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်၊ ဒေသခံပြည်သူများရဲ့ ထင်းအပါအဝင် လောင်စာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်တို့အတွက်

ရေဝေရေလဲစိုက်ခင်းများ၊ စီးပွားရေးစိုက်ခင်းများ၊ ကျေးရွာသုံးထင်းစိုက်ခင်းများကို နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေခွင့်ပြုချက်အပေါ်တည်မှီပြီးစီမံကိန်းရည်မှန်းချက်များနဲ့အညီ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၈၁-၈၂ ခုနှစ်မှ ၂၀၁၂-၂၀၁၃ အထိ စိုက်ခင်းစုစုပေါင်း ဧက ၂၁ သိန်း ကျော် တည်ထောင်စိုက်ပျိုးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာလည်း စိုက်ခင်းပမာဏ ၂၂၀၀၀ ဧက လျာထားချက်နဲ့အညီ တည်ထောင်စိုက်ပျိုးလျက်ရှိပါတယ်။ နိုင်ငံတော်ပိုင်သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် ကျခံသုံးစွဲခဲ့ရသည့် ရန်ပုံငွေလျော့နည်းသက်သာစေရန်နှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှာ ပုဂ္ဂလိကများမှ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန စီမံခန့်ခွဲလျက်ရှိတဲ့ သစ်တောမြေများအတွင်းမှာ တောနိမ့်၊ တောပျက် မြေများ၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို တည်ထောင်ခွင့်ပြုပေးလျက် ရှိပါတယ်။ ၂၀၀၆ ခုနှစ်ကနေ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ ပုဂ္ဂလိက ကျွန်းစိုက်ခင်း ၂၁၂၅၂၅ ဧကနှင့် ပုဂ္ဂလိကသစ်မာမျိုးစုံစိုက်ခင်း ၁၈၃၉၄၉ ဧက ခွင့်ပြုစိုက်ပျိုးပေးခဲ့ပြီး ဖြစ်ပါတယ်။ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်လည်း စည်းရုံး ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။ သစ်တောပြုစုထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း များကို ဆောင်ရွက်ရာမှာ ပြည်သူလူထုများရဲ့ ပူးပေါင်းပါဝင်မှုတိုးတက်ရရှိစေရန် ပြည်သူဗဟိုပြု လုပ်ငန်းများ ပီပြင်စွာဆောင်ရွက်နိုင်ရန်နှင့် ဒေသခံပြည်သူများရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေ ရန် ရည်ရွယ်ပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို ၁၉၉၅ ခုနှစ်မှစတင်ပြီး စည်းရုံး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် ၇၂၂ ဖွဲ့ စိုက်ပျိုးမြေဧကအားဖြင့် ၁၁၇၂၈၉ ဧကကို ခွင့်ပြုပေးပြီးဖြစ်ပါသည်။ ဆက်လက်လည်း တိုးချဲ့စည်းရုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ဒီ့အပြင် ကျေးလက်နေပြည်သူများရဲ့ သစ်၊ တိုင်၊ မျှော၊ လောင်စာလိုအပ်ချက်များကို မိမိတို့ ကိုယ်တိုင် မိမိတို့ရဲ့ အိမ်၊ ခြံမြေဝန်းကျင်မှာ အလွယ်တကူဖြည့်ဆည်းပေးနိုင်ရန်နှင့် သဘာဝသစ်တော များအပေါ် တည်မှီကျရောက်နေတဲ့ ဖိအားများ လျော့နည်းစေရန် ရည်ရွယ်ပြီး ပြည်သူလူထု ပူးပေါင်းပါဝင် သော ကျေးလက်အိမ်ရာစိုက်ခင်းများအဖြစ် တစ်ရွာ တစ်ဧက၊ တစ်အိမ်ထောင်ကျွန်း ၃ ပင်၊ သစ်မာပင် ၂၀၊ လူတစ်ဦးကျွန်းတစ်ပင် စိုက်ပျိုးခြင်းများကို ၂၀၀၈-၂၀၀၉ ခုနှစ်ကနေ စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ နိုင်ငံတစ်ဝန်း ကျွန်းနှင့်သစ်မာမျိုးစုံ အပင် ၄၁ သန်း ကျော် စိုက်ပျိုးပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာလည်း ကျွန်းနှင့်သစ်မာမျိုးစုံပေါင်း ၅၅ သိန်းကျော် စိုက်ပျိုးရန် စီမံဆောင်ရွက်

လျက်ရှိပါကြောင်း ဖြေကြားလိုပါတယ်။ ထို့နည်းတူစွာပဲ နိုင်ငံတော်ရှိ သစ်တောသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေရန် လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်း ၇ ခုမှာ ပါဝင်လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အတွင်းရှိ ဒီရေတောများနှင့် အင်းလေးကန်အပါအဝင် သဘာဝနယ်မြေများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ကုလသမဂ္ဂလက် အောက်ခံအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေမယ့် ကာဗွန်ထုတ်လွှတ်မှုလျော့ချမှုလုပ်ငန်းနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ရေးလုပ်ငန်းစဉ်များအတွက် ပဲခူးရိုးမဒေသမှာ ကိုရီးယားနိုင်ငံ(KFS)နှင့် အပြည်ပြည်ဆိုင်ရာ အပူပိုင်း ဒေသသစ် အဖွဲ့အစည်း(ITTO) တို့နဲ့ ပူးပေါင်းပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် နည်းလမ်းမျိုးစုံကို ပိုမိုရှာဖွေဖော်ထုတ်ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ညောင်ဦးဒေသမှာလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန လက်အောက်ရှိ သစ်တောဦးစီးဌာနနဲ့အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာနတို့မှ သစ်တော စိုက်ခင်းများ တည်ထောင်ခြင်း၊ တောင်စဉ်တောင်တန်းများနှင့် ပုပ္ပားတောင်စိမ်းလန်းစိုပြည်ရေး၊ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒေသစိမ်းလန်း စိုပြေရေးလုပ်ငန်းသာမက ဒေသခံပြည်သူများရဲ့ သစ်၊ ထင်းလောင်စာ လိုအပ်ချက်များ ဖြည့်ဆည်း ပေးနိုင်ရန်အတွက် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး သစ်တောစိုက်ခင်းများ တည်ထောင်ပေးပြီးဖြစ်သလို ဆက်လက်လည်းတည်ထောင်မှု စီမံဆောင်ရွက် လျက်လည်းရှိပါတယ်။ သစ်တောများဟာ ရေရှည်ပြုစုထိန်းသိမ်းရမည့် သဘာဝသယံဇာတများ ဖြစ်ပါတယ်။ သဘာဝတောများမှ ရောင်းတန်းဝင်သစ်ရရှိရန် နှစ်ပေါင်း ၈၀ မှ ၁၂၀ ခန့်အထိ ကြာပြီး ပြန်လည်စိုက်ပျိုးတဲ့ သစ်တောစိုက်ခင်းများမှ ထုတ်ယူသုံးစွဲရန် နှစ်ပေါင်း ၄၀ မှ ၆၀ အထိ စောင့်ဆိုင်းရပါတယ်။ ဒါကြောင့် သစ်တောများ ရေရှည်တည်တံ့ပြီး သားစဉ်မြေးဆက်အမွေခံကောင်း ပေးနိုင်ဖို့အတွက် တာဝန်ယူဆောင်ရွက်ပေးနေတဲ့ ဌာနများသာမက ဒေသခံပြည်သူများအားလုံးက အသိတရားပြည့်ဝစွာနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ယခုထက်ပိုမိုအောင်မြင်မှာ ဖြစ်ပါတယ်။ ယနေ့အချိန်အခါမှာ သစ်တောများကို အခြေပြုပြီး နိုင်ငံခြားငွေရှာဖွေမယ့်အနေအထား မရှိတော့တဲ့ အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၂-၂၀၁၃ ခုနှစ်မှစတင်ပြီး ကျွန်းသစ်ကို

လျာထားချက်အောက် ၁၇ ရာခိုင်နှုန်း၊ သစ်မာမျိုးစုံကို လျာထားချက်အောက် ၂၀ ရာခိုင်နှုန်း အသီးသီးလျှော့ချထုတ်လုပ်ခဲ့ပါတယ်။ ထိုနည်းတူ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာလည်း မူလလျာထားချက်အောက် ကျွန်းသစ် ၄၁ ရာခိုင်နှုန်း၊ သစ်မာ မျိုးစုံ ၄၈ ရာခိုင်နှုန်းအသီးသီးလျှော့ချထုတ်လုပ်သွားမှာဖြစ်ပါတယ်။ ဒီ့အပြင် ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ပြည်ပကိုသစ်အလုံးလိုက်တင်ပို့ရောင်းချမှုလုံးဝရပ်ဆိုင်းသွားမည် ဖြစ်ကြောင်းကိုလည်း အတိအလင်းကြေညာထားပြီး ဖြစ်ပါတယ်။ ရေရှည်မှာ ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းရေး၊ သစ်အခြေခံစက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တန်ဖိုးမြှင့်သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်ရေးတို့အတွက်ကို စိစစ်တွက်ချက်ပြီး သစ်ထုတ်လုပ်မှုပမာဏကို နှစ်စဉ်လျှော့ချ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သစ်တောသယံဇာတအရင်းအမြစ်များအပေါ် များစွာထိခိုက်နိုင်တဲ့ တရားမဝင်သစ်ခိုးယူထုတ်လုပ် မှု များကို ထိရောက်ဟန့်တားနိုင်ရေးအတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များ၊ လုံခြုံရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းတားဆီးကာကွယ်ဆောင်ရွက်လျက် ရှိရာ ၂၀၁၁ ခုနှစ် ဧပြီလမှစပြီး ကနေ့အချိန်အထိ ကျွန်းနှင့်သစ်မာမျိုးစုံတရားမဝင် တန် ၇၀၀၀၀ ခန့် ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း ဖော်ပြလိုပါတယ်။ တရားမဝင်သစ်ခုတ်လှဲထုတ်ယူမှုများ ကို ယခုထက်ပိုမိုထိရောက် ကာကွယ်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကလည်း သစ်တောလုံခြုံရေးတပ်ဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပြီး လာမယ့် ဘဏ္ဍာနှစ်မှာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ လုံခြုံရေးအဖွဲ့အစည်းများ၊ ဆက်စပ်ဌာနများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများမှ အဖိုးမဖြတ်နိုင်တဲ့ သဘာဝသစ်တောသယံဇာတများကို ဝိုင်းဝန်းထိန်းသိမ်းပူးပေါင်းဆောင်ရွက် ကြမှသာ ခုနက တရားမဝင်သစ်များ တားဆီးကာကွယ်ဖော်ထုတ်အရေးလုပ်ငန်း၊ သဘာဝတောများ ပိုမိုပြီးတော့မှ အခုထက် ကောင်းမွန်တဲ့လုပ်ငန်းများကို ပိုမိုအောင်မြင်လာနိုင်မှာ ဖြစ်ပေါ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေး ဝန်ကြီးဌာနက တင်သွင်းသော မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ ၂၆-၆-၂၀၁၃ ရက်နေ့တွင် အစီရင်ခံစာဖတ်ကြားရှင်းလင်းချက်များ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး

ပြင်ဆင်တဲ့အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာအချက်အလက်များကို တိကျစွာဖော်ပြ၍ ၃-၇-၂၀၁၃ ရက်နေ့နောက် ဆုံးထားပြီး အမည်စာရင်းပေးသွင်းကြရန် ကြေညာခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ဆွေးနွေး ချက်ကို တင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် မျက်စိလျှဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့ အတွက် မျက်စိလျှဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်အဆို တင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက အသင်းအဖွဲ့ များဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ လက်ခံ ဆွေးနွေးရန် အဆိုတင်သွင်းဖို့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ဒီနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့မှာ တက်ရောက်လာကြတဲ့ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့်မှ ပုဂ္ဂိုလ်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေ ကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်ကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်လျက်ရှိ ပါတယ်။ ဤကော်မတီ၏ကိုယ်စား ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်မှာ အသင်းအဖွဲ့ဆိုင်ရာ ဥပဒေ ကြမ်းကို လက်ခံဆွေးနွေးဖို့အဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းခွင့်ပြုပါရန် ဦးစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ခေတ်ပြောင်း၊ စနစ်ပြောင်း၊ အယူအဆပြောင်း၊ မူဝါဒတွေပြောင်းလဲလာပြီဆိုတဲ့ ခံယူချက်တွေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်ကို ချီတက်နေကြတဲ့ ကာလဖြစ်တယ်ဆိုတာနိုင်ငံသူ နိုင်ငံသားအားလုံးက လက်ခံနားလည်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကဏ္ဍများ၊ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းတွေအားလုံး မှာလည်း ပြည်သူလူထုကို အခြေပြုတယ်။ လူ့အဖွဲ့အစည်းကို အခြေပြုဆောင်ရွက်ရမယ်ဆိုတဲ့ အလေ့အထတွေကိုလည်း လက်ခံကျင့်သုံးနေကြပြီဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေအားလုံးမှာ အစိုးရကဦးဆောင်မှ တပ်မတော်က ခေါင်းဆောင်မှ ဖြစ်ထွန်းအောင်မြင်မယ်ဆိုတဲ့ အယူအဆတွေ ခေတ်ဟောင်းမှာ ကျန်ခဲ့ပြီဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံး၊ နိုင်ငံသူနိုင်ငံသားအားလုံး၊ ပြည်ပသို့အကြောင်းအမျိုးမျိုးရောက်ရှိနေကြသူအားလုံး ဒီလူတွေအားလုံးဟာ တစ်စိတ်တစ်ဝမ်းတည်း ညီညီညွတ်ညွတ် ပူးပူးပေါင်းပေါင်းနဲ့ နိုင်ငံအတွက် အားကျိုးမာန်တက်နဲ့ လုပ်ဆောင်ရမယ့် ခေတ်ကာလကိုရောက်နေပြီဆိုတာကိုလည်း ပြောကြားလိုပါတယ်။ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းကဏ္ဍတွေအားလုံးကို အကောင်အထည်ဖော်ရာမှာ ပထမဦးဆုံး ဥပဒေကို ပြဋ္ဌာန်း ရမယ်။ ပြီးရင် ပြဋ္ဌာန်းထားတဲ့ ဥပဒေမူဘောင်နဲ့အညီ အကောင်အထည်ဖော်ရမယ်ဆိုတာကို ကျွန်တော် တို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကိုယ်တိုင်က မပြတ်သတိပေး ပြောကြားနေတာကိုလည်း လိုက်နာ ကျင့်သုံးဖို့လိုတယ်လို့ သတိပေးလိုပါတယ်။

ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတိုင်းဟာလည်း နိုင်ငံတော်နဲ့ ပြည်သူလူထု အကျိုးကျေးဇူးပြုတဲ့ ဥပဒေပြုရမယ်ဆိုတာကိုလည်း သိနေဖို့လိုပါတယ်။ အထက်က ကျွန်တော်တင်ပြခဲ့တဲ့ ယနေ့ မျက်မှောက်ခေတ်ကာလနိုင်ငံတော်အတွင်းမှာ ခေတ်ကာလရဲ့လိုအပ်ချက်၊ ဥပဒေဆိုင်ရာလိုအပ်ချက်များကို အခြေအနေအရဟာ အမှန်တကယ်ပေါ်ပေါက်နေပြီဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီအနေနဲ့ ယနေ့ခေတ်ကာလနဲ့ ကိုက်ညီမယ့် အမှန်တကယ်လည်းလိုအပ်နေတဲ့ အသင်းအဖွဲ့ဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်တင်သွင်းဖို့ လိုအပ်လာပြီလို့ ယူဆတဲ့အတွက် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါတယ်။ ဒီဥပဒေနဲ့ ပတ်သက်ပြီးတော့ ယခင်တပ်မတော်အစိုးရလက်ထက်မှာလည်း ၃၀-၉-၁၉၈၈ ရက်စွဲနဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်(၆/၈၈)နဲ့ အသင်းဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီတုန်းက ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပနိုင် ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်နိုင်ရေး၊ ပြည်သူလူထုအတွင်း စည်းလုံးညီညွတ်မှုရရှိနေဖို့

ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရေးဆွဲခဲ့တယ်လို့ သိရှိရပါတယ်။ ယနေ့ခေတ်ကာလအချိန်မှာ တော့ ယခင်က ရှိပြီးဖြစ်တဲ့ ဥပဒေဟာ ပြုပြင်ပြောင်းလဲရန်လိုအပ်လာပြီလို့လည်း ယူဆခဲ့ပါတယ်။ ဒါ့ကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ ပုဒ်မ ၂၁ (ဃ)နဲ့ အခန်း ၈ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့တာဝန်များ အခန်းကဏ္ဍက ပုဒ်မ ၃၅၄ တို့အရ ဤအသင်းအဖွဲ့ဆိုင်ရာ ဥပဒေကို ပြည်သူ့လွှတ်တော်မှာ စတင်အဆိုပြုတင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းပုံအခြေခံပါအချက်များနဲ့ပတ်သက်ပြီးတော့ အကျယ်တဝင့် ဖော်ပြခြင်းမပြုတာကတော့ ကိုယ်စားလှယ်တော်ကြီးများကို ဖြန့်ဝေထားတဲ့စာမှာ ပူးတွဲပါရှိပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် မတင်ပြခြင်းဖြစ်ပါတယ်။ ဒီဥပဒေကြမ်းဖြစ်ပေါ်လာဖို့ ပြည်သူ့လွှတ်တော်မှာရှိတဲ့ ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ၊ ဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့မှာ စတင်ပြီး ရေးဆွဲပြီးတော့ Frame ချခဲ့ပါတယ်။

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဘာသာရပ်ကျွမ်းကျင်သူ၊ တာဝန်ရှိသူများ၊ ပြည်သူ့ ရေးရာစီမံခန့်ခွဲရေးကော်မတီနဲ့ လွှတ်တော်ထဲမှာ တက်ရောက်နေကြတဲ့ ပါတီစုံလွှတ်တော်ကိုယ်စား လှယ်များဟာလည်း အကြိမ်ကြိမ်ညှိနှိုင်းပေါင်းစပ်မှုများနဲ့ ဆောင်ရွက်နိုင်မှုကြောင့် ပေါ်ထွက်လာရ ခြင်းဖြစ်ပါတယ်။ လက်ရှိ မနေ့ကအထိ INGO ၊ NGO အဖွဲ့အစည်း ၈ ခုကိုလည်း နေပြည်တော်မှာ သူတို့ကိုယ်တိုင်လာရောက်တွေ့ဆုံချင်တယ်ဆိုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးကိုယ်တိုင်အမှူးပြုပြီးတော့မှ တွေ့ဆုံညှိနှိုင်းခဲ့မှုများကိုလည်း လုပ်နိုင်ခဲ့တဲ့အခြေအနေရှိကြောင်း သတင်းကောင်းပါးအပ်ပါ တယ်။ ဒါ့အပြင် မြန်မာနိုင်ငံအတွင်းမှာရှိနေတဲ့ လူမှုရေးဆိုင်ရာ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနဲ့ လည်း ထပ်မံဆွေးနွေးညှိနှိုင်းပေါင်းစပ်နိုင်ဖို့ကို ရည်ရွယ်လုပ်ဆောင်သွားမယ်ဆိုတာကို တင်ပြလိုပါ တယ်။ သို့ပါ၍ နိုင်ငံတော်နဲ့ နိုင်ငံသားများအကျိုးကို ဖော်ဆောင်နိုင်မယ့် ဥပဒေတစ်ရပ်အဖြစ်မျှော် မှန်း ရေးဆွဲထားတဲ့ ဤအသင်းအဖွဲ့ဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီ ကိုယ်စား လွှတ်တော်မှာ လက်ခံဆွေးနွေးတင်ပြနိုင်ဖို့အတွက် ကျွန်တော်မှ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေး စားစွာ အဆိုတင်သွင်းအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးဖြစ်ပါတယ်။ တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦးတင်သွင်းသွားတဲ့အဆိုနှင့်ပတ်သက်လို့ ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၆-၆-၂၀၁၃ ခုနှစ် ဒုတိယနေ့မှာ ကျွန်တော့်အနေနဲ့ ဒီဥပဒေနှင့်ပတ်သက်ပြီးတော့ အသင်းအဖွဲ့ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအနေနဲ့တင်သွင်းခဲ့တာရှိပါတယ်။ ဒီဥပဒေဟာ ၁၉၈၈ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်က အမိန့်အမှတ်စဉ်(၆/၈၈)နဲ့ ထုတ်ပြန်ခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ ထုတ်ပြန်ခဲ့စဉ်ကာလတုန်းက ခေတ်စနစ်အနေအထားအရ အသင်းအဖွဲ့များကို နိုင်ငံရေးပိုင်းမှာဝင်ရောက်လှုပ်ရှားမှုကျုံ့စေဖို့အတွက် ရည်ရွယ်ပြီးတော့ ထုတ်ခဲ့တယ်လို့မှတ်ယူပါတယ်။ ယနေ့ခေတ်ကာအပြောင်းအလဲမှာ အဆိုရှင်တင်သွင်းသွားသလိုပဲ ဒီမိုကရေစီနိုင်ငံတော်တည်ထောင်တဲ့အခါမှာ အမှန်တကယ်လိုအပ်တဲ့အသင်းအဖွဲ့တွေရှင်သန်ဖို့လိုပါတယ်။ ဒီအသင်းအဖွဲ့တွေဟာ ခေတ်စနစ်နဲ့အညီ ဥပဒေနဲ့အညီရှင်သန်နိုင်ဖို့အတွက် ဥပဒေအသစ်များကိုရေးဆွဲဖို့လိုပါတယ်။ ကျွန်တော်တင်သွင်းခဲ့တုန်းကပြင်ဆင်ချက်ဥပဒေဖြစ်ပါတယ်။ ယနေ့တင်သွင်းတဲ့ဥပဒေသည် အမှန်တကယ်လိုအပ်တဲ့ဥပဒေအသစ်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အဆိုရှင်တင်သွင်းသွားသောဥပဒေသည် ယနေ့နိုင်ငံတော်တည်ဆောက်ရေးကာလမှာ အသင်းအဖွဲ့များ စည်းနဲ့ကမ်းနဲ့ ဥပဒေအရသက်ဝင်လှုပ်ရှားနိုင်ဖို့၊ နိုင်ငံတော်ကိုအထောက်အကူပြုနိုင်ဖို့ ရေးဆွဲတဲ့ဥပဒေဖြစ်တဲ့အတွက်ကြောင့်ထောက်ခံပါကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကလည်း သဘောတူညီကြောင်း ကြိုတင်သိရှိထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် အသင်းအဖွဲ့များဆိုင်ရာဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၃)ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့(၁၃)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၂၃ ရက်(အင်္ဂါနေ့) ၁၃း၀၀ နာရီ(နေ့လယ် ၁ နာရီ)အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ) **အချိန်**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ၁၁း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]